# သာမန်ကာလ (၁၄)ကြိမ်မြောက်တနင်္ဂနွေနေ့

ရှင်မာကု ၆း၁-၆

ယနေ့ ဘုန်းကြီးဖတ်သွားတဲ့ ဧဝံဂေလိကျမ်း ရှင်မာကုကျမ်းစာရဲ့အဆုံးမှာ သခင်ယေဇူးက အံ့သြတယ်ဆိုတာကို သိရပါတယ်။ ဘုရားကတောင် အံ့သြယူလောက်တဲ့အထိ ဘာတွေများဖြစ်ကြတာလဲဆိုတော့ သခင်ယေဇူးကို ငယ်ငယ်လေးကတည်းက အတူရှိလာကြတဲ့ နာဇရက်မြို့သူမြို့သားတွေက မယုံကြည်ကြတဲ့အကြောင်းပါပဲ။ သခင်ယေဇူးက ဘုရားပါ။ အဲဒီဘုရားကတောင် အံ့သြတဲ့အထိဖြစ်သွားတဲ့ဖြစ်ရပ် နှစ်ခုကို ကျမ်းစာထဲမှာ တွေ့ရပါတယ်။ ပြောချင်တာကတော့ ကျမ်းစာထဲမှာ သခင်ယေဇူး အံ့သြရတာ နှစ်ခါတွေ့ရပါတယ်။

ပထမ အံ့သြရတာကတော့ သခင်ယေဇူးနဲ့ အတူနေခဲ့တဲ့ နာဇရက်မြို့ကလူတွေက သခင်ယေဇူးကို မယုံကြလို့ အံ့သြတဲ့အဖြစ်ပါ။ ဒီလောက်ကြာကြာ အတူနေပြီးမှ ၊ သခင်ယေဇူး ဟောတဲ့တရားတွေကို ကြားရပြီးမှ ၊ သခင်ယေဇူး လုပ်တဲ့တန်ခိုးတွေကို မြင်ရပြီးမှ သခင်ယေဇူးကို ဘုရားဖြစ်မှန်း မယုံဘူးဆိုတော့ အံ့သြစရာပါပဲ။ တကယ့် ကိုယ့်လူရင်းတွေက ကိုယ့်ကို မယုံဘူးဆိုတာ အံ့သြစရာပါပဲ။

ဒုတိယ သခင်ယေဇူးကိုယ်တိုင် အံ့သြရတဲ့အဖြစ်ကတော့ ဘာသာပဖြစ်တဲ့လူတရာတပ်မှူးရဲ့ ယုံကြည်ခြင်း ကြီးမားပုံကို သိရလို့ အံ့သြခဲ့ရပါတယ် (ရှင်လုကာ ၇း၉)။ တပ်မှူးရာထူး ရှိပေမဲ့ သူက မာနမကြီးပဲ နှိမ့်ချတယ်။ "တပည့်တော်ရဲ့အိမ်မိုးအောက်သို့ ကိုယ်တော်ကြွဝင်ရန်တပည့်တော်မှာ မထိုက်တန်ပါဘူး။ အဝေးကနေပဲ အမိန့်တော်တစ်ခွန်း မိန့်တော်မူလိုက်ရင် တပည့်တော်ရဲ့အစေခံက ကျန်းမာလာပါလိမ့်မယ်" တဲ့ ။ ဘာသာပ ဖြစ်ပြီး အဲ့ဒီလောက်အထိ ယုံကြည်နိုင်တာကိုပဲ သခင်ယေဇူးဘုရားကတောင် အံ့သြမိပါတယ်။

ဘုရားရဲ့တရားတော်ကို ဟောပြောရတဲ့အခါ တချို့က အံ့သြစရာကောင်းလောက်အောင်ကို ယုံကြည်ကြပေမဲ့ တစ်ချို့က အံ့သြစရာကောင်းလောက်အောင်ကို မယုံကြည်ကြပါဘူး။ ကြံ့ကြံ့ဖန်ဖန်ကို မယုံကြတာပါ။ တရားနာပရိသတ်က ဘယ်လိုပဲတုန့်ပြန်ကြပါစေ ဘုရားသခင် ဟောခိုင်းတဲ့ ပရောဖက်/ဘုန်းကြီးကတော့ ဟောပြောရမှာပါပဲ။ လက်ခံတာ/လက်မခံတာ သူတို့အပိုင်း။ ယုံကြည်တာ/မယုံကြည်တာက သူတို့အပိုင်း သူတို့တာဝန်ပါပဲ။

ဒါကြောင့် ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာထဲမှာ "သူတို့ နားထောင်သည်ဖြစ်စေ၊ နားမထောင်သည်ဖြစ်စေ အဲဒီလိုဆန့်ကျင်တဲ့သူတွေ သိစေဖို့က သူတို့အလယ်မှာ ဘုရားတရားအကြောင်းကို ဟောပြောပြမည့် ပရောဖက် ရှိတယ်ဆိုတဲ့အကြောင်း သူတို့ သိစေဖို့ပါပဲ" ။

ဘာသာသူတို့ ဘုန်းကြီးကတော့ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းကို ဟောနေပေမဲ့လည်း ဘာသာသူတွေက ဝမ်းမမြောက်ကြဘူး။ အားမတက်ကြဘူး။ စိတ်ပျက်စမြဲ စိတ်ပျက်နေကြတယ်။ ဘယ်သူကမှ သင့်ကို ဝမ်းမြောက်အောင် ပျော်အောင် လုပ်လို့မရဘူးဆိုတာ သင်တို့ကိုယ်တိုင် ခံစားမိမှာပါ။ သင့်ရှေ့မှာ ကပြဖျော်ဖြေနေပေမဲ့ သင်က ဝမ်းမြောက်ချင်မှ ဝမ်းမြောက်မှာဆိုတာ သင် သိပါတယ်။ သင့်မှာ ဝမ်းမြောက်နေတဲ့ဓါတ်ခံ ရှိထားမှ ဝမ်းမြောက်နိုင်တာပါ။ အဲဒီ

ဝမ်းမြောက်နေတဲ့ခါတ်ခံဆိုတာ သင်ကိုယ်တိုင်က ကိုယ့်တစ်ကိုယ်ကောင်းစိတ်ကို ဖယ်ရှားပြီး ဘုရားကိုသာ ရွေးချယ်ပြီး ချစ်မယ်၊ ဘုရားအလိုတော်အတိုင်း ကိုယ့်ကိုယ်ကို ချစ်သလို သူတစ်ပါးကို ချစ်မယ်ဆိုတဲ့ရွေးချယ်မှုသာ ဝမ်းမြောက်နေတဲ့ခါတ်ခံကို ရလာတာပါ။ မယ်တော်မာရီယားကို ကြည့်ပါ့လား "ငါ၏စိတ်နှလုံးသည် ငါ့ကိုကယ်တင်တော်မူသောသခင်ဘုရား၌ ရွှင်လန်းခြင်းရှိ၏"

ဘာသာသူတို့ ကျမ်းစာကို ဖတ်လေလေ ဘုရားသခင်ရဲ့စိတ်နေသဘောထားကို သိလေလေပါပဲ။ "ငါသည် ဖြောင့်မတ်သောသူတို့ကို ခေါ်ရန်လာသည် မဟုတ်၊ အပြစ်ရှိသောသူတို့ကို ခေါ်ရန် ငါလာ၏" "ငါသည် ယဇ်ပူဇော်ခြင်းထက် သနားဂရုဏာကို ပို၍နှစ်သက်၏" "သူတို့ မသိလို့ လုပ်မိတာပါ။ ခွင့်လွှတ်တော်မူပါ" ဒီစကားတွေအားလုံးဟာ ဘုရားကဘယ်လိုစိတ်သဘောထားရှိကြောင်း သိစေပါတယ်။

ဟောပြောရတာကလည်း ပါးစပ်ကလေးနဲ့ဟောပြောရတာ လွယ်တယ်လို့ မထင်ပါနဲ့။ ဘဝနဲ့ရင်းပြီး ဟောပြောရတာပါ။ ကိုယ် စိတ်မပါတဲ့အရာ၊ ကိုယ်သဘောမတူတဲ့အကြောင်းကို ဟောပြောဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ ပြောအား မရှိဘူး။ကိုယ့်မှာလည်း ကိုယ့်အားနည်းချက်နဲ့ကိုယ် ရှိနေပါတယ်။ လောကရဲ့ အနှောက်အယှက် အဟန့်အတားတွေကလည်း ရှိနေပြန်တယ်။ ကျနော်ဆိုရင် တစ်ပတ်တစ်ခါ တနင်္ဂနွေနေ့တိုင်း RVA အစီအစဉ်မှာ ဟောပြောရတာ လွယ်ပါတယ်လို့ မထင်ပါနဲ့။ ဩဝါဒ ပြင်နိုင်ဖို့ဆိုတာ ပထမ ဆုတောင်းရတယ်။ ဘုရားက ဟောပြောစေလိုတဲ့အတိုင်း ဟောပြောနိုင်ဖို့ ဘုရားထံမှာ အကူအညီတောင်းရတယ်။ ကိုယ့်ဖါသာကိုယ် ကိုယ့်ဦးနှောက်နဲ့ သင်ထား ဖတ်ထားတဲ့အတိုင်း ဩဝါဒပေးရင်တော့ ရတာပေါ့။ ဒါပေမဲ့ ဒီဩဝါဒကို ကြားပြီး ကျနော်ကိုယ်တိုင်လည်း ခွန်အားမရသလို ကြားနာတဲ့ဘာသာသူတွေတွေလည်း ဘာမျှ ခံစားရမှာ မဟုတ်ပါဘူး။

သံပေါလူးလည်း ဘုရားရဲ့တရားတော်ကို ဝမ်းမြောက်ဝမ်းသာ ဟောပြောနေပေမဲ့ သူ့မှာလည်း သူ့ဒုက္ခနဲ့သူ ပါ။ ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ကော်ရိန္တုဩဝါဒစာ ဒုတိယစောင် ၁၂း၇ မှာ "ငါခံယူရရှိသည့် များပြားလှသောဗျာဒိတ်တော်များကြောင့် ငါသည် ဘဝင်မမြင့်စေခြင်းငှာ ငါ့ကို ညှင်းဆဲရန် စာတန်နတ်ဆိုးနှင့်တူသည့်ဆူးငြောင့်တစ်ခုကို ငါ့ခန္ဓာကိုယ်ထဲတွင် ပေးထားတော်မူ၏။ ထိုညှင်းဆဲမှုကို ဖယ်ရှားပေးတော်မူပါရန် သခင်ဘုရားထံ သုံးကြိမ်တိုင်တိုင် တောင်းခံခဲ့၏။ သို့သော် ကိုယ်တော်က ငါ၏ကျေးဇူးတော်သည် သင့်အတွက် လုံလောက်ပေ၏။သင်အားနည်းသောအခါ ငါ့တန်ခိုးတော်သည် ပြည့်စုံ၏ဟု မိန့်တော်မူ၏။"

ဘာသာသူတို့ ဘုရားသခင်က လူတိုင်းကို လုံလောက်တဲ့ကျေးဇူးတော်ကို ပေးထားပါတယ်။ ဒီကျေးဇူးတော်အားဖြင့် ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ပြီး ဘုရားကို ချစ်မှာလား/ ကိုယ့်ကိုယ်ကိုပဲ တစ်ကိုယ်ကောင်းဆံဆံ ချစ်မှာလား။ ကြားရတဲ့ဘုရားသခင့်စကား ဩဝါဒကို လက်ခံမှာလား/ လက်မခံဘူးလား သင် ရွေးချယ်ရမှာပါ။ ကိုယ့်ကိုယ်ကိုပဲချစ်ဖို့ တစ်ကိုယ်ကောင်းဆံဆံ မရွေးချယ်ပဲ ဘုရားကိုသာ ချစ်ဖို့ နာခံဖို့ ရွေးချယ်ရင်တော့ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းဟာ သင့်အတွက် တစ်ကယ်ပဲ ဝမ်းမြောက်နိုင်ပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။